ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (21-10-2011) (၆၉၁၃)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော်　　အောက်တိုဘာ　　၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✻



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

### ယ နေ့ သ တ င် း အ ညွှ န် း

**မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကန်တော့ပွဲ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

“နိုဝင်ဘာ ၂၆ ရက်တွင် အသက်(၈၀)အထက်ရှိသူ သက်ကြီးစာပေပညာရှင်များ လျှောက်ထားနိုင်၊ သတ်မှတ်အရည်အချင်းပြည့်စုံပါက ဖိတ်ကြားမည်”

ပြည်တွင်းသတင်း စာမျက်နှာ - ၃

**(၁၈)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆင့်မနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ**

“ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာကို ချစ်မြတ်နိုးကြသည့် ပြည်သူများ ကြည့်ရှုအားပေး”

ပြည်တွင်းသတင်း စာမျက်နှာ - ၈

အိန္ဒိယ-မြန်မာ(ချင်းပြည်နယ်) နယ်စပ်အနီးရှိ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

မိုးလေဝသ သတင်း စာမျက်နှာ - ၁၀

ကြေးမုံ The Mirror

၂၁-၁၀-၂၀၁၁
(သောကြာနေ့)

# မြန်မာ့ဘောလုံးအားကစား စွမ်းရည်မြင့်မားအောင် စွမ်းဆောင်

အားကစားနည်းများအနက် ဘောလုံးအားကစားနည်းကို လူအများ စိတ်ပါဝင်စားကြသည်။ ကမ္ဘာနှင့်အဝန်း ဘောလုံးပွဲများကို ကြည့်ရှုအားပေးနေကြသူ ပရိသတ်များ တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။ ယနေ့ကမ္ဘာတွင် ဘောလုံးအားကစားနည်းကို ကျန်းမာရေး ဖျော်ဖြေရေး အားကစားပုံစံမျိုး၊ သာမန်အပျော်တမ်းအားကစားပုံစံမျိုးမှသည် စီးပွားရေးတန်းဝင် မဟာအားကစားတစ်ရပ်အဖြစ် ရှုမြင်လက်ခံလာနေကြပြီဖြစ်သည်။

မြန်မာ့ဘောလုံးလောကတွင်လည်း တစ်ချိန်သောအခါက အရှေ့တောင်အာရှတစ်ခွင် အောင်မြင်ကျော်ကြား ရွှေခေတ်မှတ်တမ်းများ ရှိခဲ့သည်။ နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးသမားများ၏ ကြိုးစားအားထုတ်မှုဖြင့် အာရှချန်ပီယံ၊ အရှေ့တောင်အာရှချန်ပီယံ၊ မာဒေးကားချန်ပီယံ၊ ပတ်ချ်ဟီးဖလားချန်ပီယံ၊ ဂျကာတာဖလားချန်ပီယံ၊ မာရာဟာလင်ဖလားချန်ပီယံနှင့် အာရှလူငယ်ချန်ပီယံဆုများကို အကြိမ်ကြိမ်ရယူနိုင်ခဲ့ရာ မြန်မာဘောလုံးပရိသတ် ၏ ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက်အားပေးမှုများ ရရှိခဲ့ကြသည်။

ယင်းသို့ လျှမ်းလျှမ်းတောက်အောင်မြင်မှု အစဉ်အလာကောင်းများ ရှိခဲ့သည့် မြန်မာ့ဘောလုံးအားကစားစွမ်းရည် ပြန်လည်အဆင့်မြင့်မားတိုးတက်လာရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ မြင်ကွင်းစုံ၊ ရှုထောင့်မျိုးစုံမှ သုံးသပ်ဝေဖန် ဆွေးနွေးနည်းလမ်းရှာနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပနေပြီ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်များမှ တာဝန်ရှိသူများ၊ ဘောလုံးအားကစားကျွမ်းကျင်သူများ၊ စာနယ်ဇင်းများမှ အားကစားကလောင်ရှင်များ၊ စာတမ်းရှင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်လျက်ရှိသည်။

မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်နိုင်ရေးအတွက် ရှုထောင့်စုံမှ စာတမ်း ၁၆ စောင်ကို ဖတ်ကြားတင်ပြနေကြပေပြီ။ အားကစားစွမ်းရည် တိုးတက်လာစေရေး အခြေခံမှစပြီး ပြုပြင်ပြောင်းလဲသွားကြရပေမည်။ လက်ရှိဘောလုံးကွင်းများကို အဆင့်မီဘောလုံးကွင်းများဖြစ်စေရေး အဆင့်မြှင့်တင်ရန် လိုအပ်သကဲ့သို့ ရပ်ကွက်၊ ကျေးရွာများနှင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင်ပါ ဘောလုံးကွင်းများ ပြုလုပ်ပေးကြရမည်ဖြစ်သည်။

အားကစားလေ့ကျင့်ရာတွင် အားကစားပစ္စည်းများ ဈေးနှုန်းချိုချိုသာသာ လွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရေးသည်လည်း ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်သည်။ အားကစားပြိုင်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးခြင်း၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးခြင်း၊ ပြောင်းလဲတိုးတက်လာသော ဘောလုံးအားကစားနည်းပညာများ၊ နည်းစနစ်များ စနစ်တကျသင်ကြားပေးခြင်းတို့ကိုလည်း အဆက်မပြတ် ပြုလုပ်နေကြရမည်ဖြစ်သည်။

အမျိုးသားအားကစားဖြစ်သော မြန်မာ့ဘောလုံးစွမ်းရည် မြင့်မားတိုးတက်ရေးကို လက်တွေ့ကျကျဆောင်ရွက်ကြရမည့် အချိန်အခါသို့ ရောက်ရှိနေပြီ။ တစ်ချိန်က ရွှေခေတ်သို့ရောက်ရှိခဲ့သည့် မြန်မာ့ဘောလုံးအားကစားစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးမှုနှင့်အတူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဘောလုံးကလပ်အသင်းများနှင့် စာနယ်ဇင်းနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဘောလုံးအားကစားကျွမ်းကျင်သူများ၊ ပြည်သူများအားလုံးက ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

နေပြည်တော် အောက်တိုဘာ ၂၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅၆/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

**ကြေညာချက်အမှတ်(၅၆/၂၀၁၁)**

**၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**
**(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၁) ရေ ၃၆၆၇ ဗိုလ်မှူး လင်းနိုင် (အစား) လေ ၂၅၅၄ ဗိုလ်မှူး ဖုန်းဇော်အောင်
(၂) ရေ ၄၀၆၇ ဗိုလ်မှူး ယဉ်ထွန်း (အစား) ကြည်း ၃၃၁၂၃ ဗိုလ်မှူး/ဗိုလ်ကြီးအောင်အောင်

**အမိန့်အရ**

**(ဝင်းကို)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် အောက်တိုဘာ ၂၀**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးသိန်းအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဗိုလ်မှူးကြီးဘိုဘိုရင် ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး |

## ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုသူများသည် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဓနုဖြူဦးစိုးမြင့် ဖုန်း-၀၉-၅၁၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇ နှင့် ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၄၁၅၈၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဘုရင့်နောင်ဈေး ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးမိသားစု၏ သတ္တမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၄ ရက်၌ အဆိုပါဈေးကြီးမင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။ ဈေးကြီးစည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ၏ သားသမီးများမှ အခြေခံပညာအထက်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ဆုချီးမြှင့်မည်ဖြစ်ရာဦးမြင့်ထွန်း ဥက္ကဋ္ဌဈေးသာယာရေးအဖွဲ့ ဖုန်း-၀၉-၅၁၂၈၆၄၉၊ ဦးခင်မောင်လွင် အတွင်းရေးမှူး ဈေးသာယာရေးအဖွဲ့ ဖုန်း-၀၉-၇၃၁၅၀၅၄၇၊ ဈေးသာယာရေးရုံးဖုန်း-၆၈၂၀၁၉ တို့သို့ အောက်တိုဘာ ၂၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

## ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ဆု (၂၀၁၁) မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းရရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ကမ္ဘာ့တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်တို့မှ ပူးပေါင်းရွေးချယ်ချီးမြှင့်သည့် ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ဆု (World Veterinary Day Award 2011) ကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းက ရရှိခဲ့သည်။

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များ ညီလာခံကို ယခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး တက်ရောက်ခဲ့သည်။ အကြိမ်(၃၀)မြောက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုညီလာခံ ပိတ်ပွဲအခမ်းအနားတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ညွှန်ကြားရေးမှူးချုပ် Dr. Bernard Vallat နှင့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ Dr. Tjeerd Jorna တို့က မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးအား ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ဆု (၂၀၁၁)ကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**



ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များ ညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄၁ နိုင်ငံမှ တိရစ္ဆာန်ဆေးကုဆရာဝန် ၂၀၀၀ ခန့် တက်ရောက်ခဲ့ပြီး ညီလာခံတွင် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီး၏ နှစ်ပတ်လည်အစည်းအဝေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၀၀၄၉ | ၀. ၀၃၂၂၅ |
| တရုတ် (ယွမ်) | ၆. ၃၈၅၃၅ | ၀. ၁၅၆၆၁ |
| အိန္ဒိယ (ရူပီး) | ၄၉. ၈၉၀၀ | ၀. ၀၂၀၀၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၅၅၀ | ၀. ၃၁၉၉၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၂၉၃ | ၀. ၇၈၅၅၉ |
| ဂျပန် (ယန်း) | ၇၆. ၉၂၆၀၆ | ၀. ၀၁၃၀၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၅. ၁၂ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၂၇၅၅ | ၁. ၃၇၄၄၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၄၈၉ | ၁. ၅၇၅၀၈ |

**အင်တာနက်။**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၀-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅၁၁။ ဇာတ်လမ်းတို
၈း၂၅၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ မျိုးချစ်တပ်မတော်
၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၈။ အိုင်စီတီသုတ
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀၁၀။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၁)
၆း၀၀၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀၁၂။ "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၁၉) **-အိမ်ကြီးမာယာ (အပိုင်း-၁) (အိုင်းလောင်၊ ရွှေအိုး၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ)**
၆း၄၅၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၁)**
၈း၀၀၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၁။ သံစဉ်များနှင့်ကမ္ဘာ
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁)**
၂၅။ ကမ္ဘာတစ်ခွင်ခရီးစဉ်

※ **ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးသိန်းညွန့်နှင့် ဦးစိုးမောင်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ နိုင်ငံတော်သမ္မတရုံး အကြံပေးအဖွဲ့ဝင် ဦးဆက်အောင်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၁-၁၀-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၅ ၈။ "စာဖတ်သံလေးမျှဝေပေး"
- ၈း၂၅ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ "အမှန်ထင်နေသောအမှား"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၂၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅း၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၃၀ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၃၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လျှပ်တစ်ပြက်ဟာသများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၁၁)**
- ၂၀။ သီချင်းချစ်သူ (ရတနာမိုင်)
- ၂၁။ ၂၀၁၁ ခုနှစ်၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၂၂။ အစီအစဉ်ပြီး၏။

## ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၇၄ - ၇၈) ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရများ ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

၁၉၇၄-၇၈ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း ၁၆/၂ ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံနေ့လယ်စာကို ကျောင်းတိုက်ကြီး၌ လည်းကောင်း၊ မိတ်ဆုံညစာကို Western Park Ruby(အလုံကမ်းနားလမ်း)၌လည်းကောင်း ကျင်းပမည်ဖြစ်ရာ ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ဦးကျော်မိုးစိန် ဖုန်း-၆၅၅၈၄၁၊ ဦးလှမောင်ရွှေ ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးအောင်သူမြိုင် ဖုန်း-၆၆၀၇၅၅၊ မူမူရှိန် ဖုန်း-၀၉-၇၃၀၉၈၀၉၇၊ နွေနွေအောင် ဖုန်း-၂၂၅၅၀၂၊ တင်တင်ဝင်း ဖုန်း-၃၈၄၈၉၂-၃၊ မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ သန်းသန်းနွယ် ဖုန်း-၆၆၀၅၉၂ နှင့် ခင်မလေး ဖုန်း-၆၄၂၈၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**အမက(၃) အင်းစိန်၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သုငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက်ဆုရရှိသော မနှင်းဦးဝေအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇေဦး ဆုချီးမြှင့်စဉ်။**
(ကြေးမုံ)





**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၀

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြပြီး Mr. Watanabe Hideo ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Takashi SAITO လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျပန် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေး ပိုမိုတိုးတက်စေရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)



**၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက တာမွေမြို့နယ် အထက(၁) ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ အလက(၃) အလုံမြို့နယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ပုလဲခင်အား အလယ်တန်းအဆင့် ကျောင်းကျန်းမာရေးစံပြထူးချွန်ဆု ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ဂေါက်သီးစည်းမျဉ်းစည်းကမ်း အခြေခံသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R&A Rules Limited (St.Andrews) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂေါက်သီးစည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်း (Introductory Rules School; Level-1)ကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ အထက်ပါသင်တန်းသို့တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် နိုဝင်ဘာ ၄ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဦးအောင်မျိုးကျော် (ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်) ဖုန်း-၀၉-၇၃၀၇၈၅၄၄ နှင့် ၀၁-၆၅၅၈၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုမြင့်တက်လာခြင်းကို ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် မန္တလေးမြို့တွင် ကြိုတင်တည်ဆောက်လျက်ရှိသည့် ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံသစ်ကြီးသို့ ဓာတ်အားပို့လွှတ်မည့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံတွင် ဓာတ်အားလွှတ်ပစ္စည်းများ ချိတ်ဆက်ခြင်းလုပ်ငန်းကို (၂၂-၁၀-၂၀၁၁) နေ့နှင့် (၂၃-၁၀-၂၀၁၁) နေ့များတွင် ၆ နာရီမှ ၈ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါနေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ |
| --- | --- |
| ၁။ | မန်စံ ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ မန်စံ-လားရှိုး-သိန်းနီ၊ မန်စံ-သီပေါ-နမ့်ဆန် လိုင်းများဖြင့် ဓာတ်အားပေးထားသော လားရှိုး၊ သိန်းနီ၊ သီပေါ၊ ကျောက်မဲ၊ နမ့်ဆန်(မြောက်)၊ နမ့်လန်၊ နမ္မတူ၊ ကွတ်ခိုင်မြို့နယ်များ |
| ၂။ | တံခွန်တိုင်နှင့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပေးထားသော မန္တလေးခရိုင်အတွင်းရှိ အချို့နေရာဒေသများ |

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အသက်(၈၀)နှင့်အထက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ စာရင်းပေးပို့လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲကို ယခင်နှစ်များအတိုင်း ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်၍ နိုဝင်ဘာ ၂၆ ရက်တွင် အသက်(၈၀)နှင့်အထက်ရှိသူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်ဖြစ်စေ၊ အဖွဲ့မဝင်သည်ဖြစ်စေ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာ၊ သက်ကြီးစာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများသည် နိုဝင်ဘာ ၇ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ စာရင်းပေးပို့လျှောက်ထားနိုင်ကြောင်း၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံပါက ကန်တော့ခံ သက်ကြီးစာပေပညာရှင်အဖြစ် ဖိတ်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

**ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ထွက်ရှိလာသော ကုန်ချောများရောင်းချနိုင်မည့် ပြည်ပဈေးကွက်များရှာဖွေပေးခြင်းနှင့် ဝမ်းတွင်းမြို့နယ် ရက်ကန်းလုပ်ငန်းရှင်များအား နိုင်ငံတော်၏ အစီအစဉ်ဖြင့် နိုင်ငံခြားသို့ လေ့လာရေးစေလွှတ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၌ လက်ရှိအချိန်တွင် ချည်မျှင်သီးသန့် ထုတ်လုပ်သည့် စက်ရုံကြီး (၂)ရုံ၊ ပိတ်ထုတ်လုပ်သည့်စက်ရုံ(၂)ရုံ၊ ချည်နှင့်ပိတ်ကြမ်း ထုတ်လုပ်သည့် စက်ရုံကြီး(၄)ရုံ၊ ချည်မျှင်၊ ပိတ်ကြမ်းနှင့် အထည်ချောထုတ်လုပ်သည့် စက်ရုံကြီး(၂)ရုံ၊ စက်ထိုးထည်ထုတ်လုပ်သည့် စက်ရုံ(၂)ရုံနှင့် အထည်ချုပ် စက်ရုံ(၅)ရုံ အပါအဝင် စုစုပေါင်းစက်ရုံ(၁၇)ရုံ ရှိပါကြောင်း၊ ထိုစက်ရုံကြီးများ၏ ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ထုတ်လုပ်မှုနည်းစဉ်၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နည်းပညာများအား လေ့လာလိုပါက လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းချည်ချောနှင့် ဆိုးဆေးများ တင်သွင်းနိုင်ရေးနှင့် ထွက်ရှိလာသောကုန်ချောများ ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အသေးစား၊ အလတ်စားရက်ကန်းလုပ်ငန်းများ ရှင်သန်နိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများအား ပံ့ပိုးကူညီဆောင်ရွက်ပေးရေးသည် မိမိတို့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စားသောက်ကုန်၊ အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်းဖွံ့ဖြိုးရေးဆပ်ကော်မတီတို့၏ တာဝန်အဖြစ်ခံယူပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် နိုင်ငံခြားသို့ လေ့လာခြင်းမပြုမီ ပြည်တွင်းရှိ ခေတ်မီချည်မျှင်စက်ရုံကြီးများအား အချိန်မရွေးလေ့လာရေး ဆောင်ရွက်သင့်ပါကြောင်း**ဖြင့် ဖြေကြားသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **နိုင်ငံတော်က စက်မှုဖွံ့ဖြိုးရေးချေးငွေကို အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများသို့ တိုက်ရိုက်ချေးငှားရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှဆောင်ရွက်လျက်ရှိရာ ပြည်ပပို့ကုန်ဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးလိုအပ်မည်ဆိုပါက မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ စိစစ်မှုဖြင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်က သင့်တော်သည့်ငွေကြေးပမာဏကို သင့်တော်သည့်အတိုးနှုန်းဖြင့် ချေးငှားထုတ်ပေးလျက်ရှိပါကြောင်း၊ ယခုတင်ပြသည့်အချိန်အထိ စုစုပေါင်းငွေကျပ်(၃၀၃၉၆ ဒသမ ၇၈၂) သန်းအထိ ချေးငှားထုတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ သို့သော် လတ်တလောအားဖြင့် နိုင်ငံတော်အစိုးရက တိုက်ရိုက်ချေးငှားထုတ်ပေးခြင်း မပြုလုပ်သေးပါကြောင်း။

လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာအမတော်ကြေးကဲ့သို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် သင့်တော်သည့်ငွေပမာဏကို ထုတ်ချေးနိုင်ရေး စီစဉ်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ဘဏ်မှတစ်ဆင့် SMEs Finance Centre ကိုဖွဲ့စည်း၍ အဆိုပါ SMEs ထောက်ပံ့မှုများအား ပိုမိုပြင်ပြင် ဆောင်ရွက်သွားရန် လျာထားလျက်ရှိပါကြောင်း၊ **မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့်လည်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့နိုင်ရေးအတွက် ၁-၉-၂၀၁၁ ရက်မှစ၍ ချေးငွေအပေါ်ကောက်ခံသော အတိုးနှုန်းအား (၁၅)ရာခိုင်နှုန်းအထိ လျှော့ပေါ့သတ်မှတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ ချေးငွေများအတွက်လည်း အတိုးနှုန်းအား (၁၄) ရာခိုင်နှုန်းအထိ လျှော့ပေါ့ပေးခဲ့ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မြန်မာ့မီးရထားကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ဖြေကြားသည်။

ကျိုက်ထို မဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့ ဘူတာရုံရှိ အဆောက်အအုံများကို အဆင့်မြှင့်ပြုပြင်ရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းဘူတာရုံရှိ ရထားလမ်းဖြတ်ကျော်ခုံးတံတားကိုလည်း အဆင့်မြှင့်ပြုပြင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဘူတာရုံနှင့် ရထားလမ်းပေါ်မှ လူကူးဖြတ်ကျော်သော



**ကျိုက်ထို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင် မေးမြန်းစဉ်။**
(သတင်းစဉ်)



**မိုးမိတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်(ခ) ဦးဖိုးတုတ် မေးမြန်းစဉ်။**
(သတင်းစဉ်)



**အုတ်ဖို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေး မေးမြန်းစဉ်။**
(သတင်းစဉ်)

ခုံးတံတားတို့ကို ၁၉၀၇ ခုနှစ်က တည်ဆောက်ခဲ့ပါကြောင်း၊ မြန်မာ့မီးရထားကွန်ရက်၌ ဘူတာစုစုပေါင်း (၉၂၆)ရှိရာတွင် ပြုပြင်ရန်လိုအပ်ချက်၊ ဘဏ္ဍာငွေခွဲဝေနိုင်မှုနှင့် ဘူတာ၏ အရေးပါမှုတို့အပေါ်မူတည်၍ ဘူတာများ၏ ပြုပြင်မွမ်းမံမှုကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**မြန်မာ့မီးရထားအနေဖြင့် ယခုပွင့်လင်းရာသီတွင် တိုင်းဒေသကြီး/ပြည်နယ် အခြေစိုက်သည့်မြို့ရှိ ဘူတာများကို ပထမဦးစားပေးအဖြစ် လည်းကောင်း၊ ခရိုင်မြို့ ဘူတာများကို ဒုတိယဦးစားပေးအဖြစ် လည်းကောင်း၊ မြို့နယ်အဆင့်ဘူတာများကို တတိယဦးစားပေးအဖြစ်လည်းကောင်း ပြင်ဆင်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ကျိုက်ထိုဘူတာသည် မြို့နယ်အဆင့်ဘူတာဖြစ်သော်လည်း ဘုရားဖူးခရီးသည် များပြားသည့် ဘူတာဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ခရီးသည်ဦးရေ(၁၃၁၀၀၀)ရှိပြီး ဝင်ငွေကျပ်(၅၉)သန်းကျော်ရရှိသောဘူတာဖြစ်ရာ အသုံးပြုသောခရီးသည်များ စိတ်ချမ်းမြေ့အဆင်ပြေစေရေးအတွက် ထိုဘူတာကိုဦးစားပေးပြုပြင်ပေးရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့အတူ လူကူးခုံးကျော်တံတားကိုလည်း မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် အဆင့်မြှင့်ပြုပြင်နေပြီဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ရန်ကုန်-ပြည်အမြန်ရထားအား ပြေးဆွဲနေကျ တစ်ကြိမ်အစား အနည်းဆုံး တစ်နေ့နှစ်ကြိမ် ပြေးဆွဲပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်-ပြည် အမှတ် (၇၁)အဆန်နှင့် အမှတ်(၇၂)အစုန်အမြန်ရထားတို့၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီမှဩဂုတ်အထိ ဘူတာအလိုက် တစ်ရက်ပျမ်းမျှစီးနင်းသောခရီးသည်ဦးရေ၊ တစ်လချင်းအလိုက်စီးနင်းသော ခရီးသည်ဦးရေ၊ နေ့အလိုက်စီးနင်းသော ခရီးသည်ဦးရေများကို လေ့လာဆန်းစစ်ခဲ့ပါကြောင်း၊ ရန်ကုန်မှထွက်သော အမှတ်(၇၁)အဆန်ရထားတွင် တနင်္လာနေ့မှစနေနေ့အထိ ရထားမထွက်မီနာရီဝက်ခန့်အထိ ရထားလက်မှတ်ကို ဝယ်ယူရရှိနိုင်ပြီး ပြည်မှထွက်ခွာသော အမှတ်(၇၂)အစုန်ရထားအတွက်လည်း စနေနေ့မှ ကြာသပတေးနေ့အထိ ရထားလက်မှတ်ကို လွယ်ကူစွာဝယ်ယူနိုင်သည်ကိုတွေ့ရှိရပါကြောင်း။

**အမှတ်(၇၂)အစုန်ရထားတွင် သောကြာနေ့တိုင်း ပြည်မှ ရန်ကုန်သို့အပြန် ခရီးသည် ဝန်ထမ်းများရှိသည့်အတွက် လည်းကောင်း၊ အမှတ်(၇၁)အဆန်ရထားတွင် တနင်္ဂနွေနေ့တိုင်း ရန်ကုန်မှ ပြည်သို့အသွား ခရီးသည်ဝန်ထမ်းများကြောင့်လည်းကောင်း ရထားကျပ်ရသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိတွင် အဆိုပါရထား၌ အထက်တန်းတွဲ (၅)တွဲ၊ ရိုးရိုးတန်းတွဲ(၅)တွဲ၊ ပထမတန်းတွဲ(၁)တွဲ၊ ဘရိတ်တွဲ(၁)တွဲ စုစုပေါင်း (၁၂)တွဲ ချိတ်ဆက်ထားသည်ဖြစ်ရာ စုစုပေါင်းခရီးသည်(၆၀၀)ခန့်ကို ထိုင်ခုံဖြင့်ရောင်းချနိုင်ပါကြောင်း၊ ၎င်းရထားစက်ခေါင်း၏ ဝန်ချိန်ချိတ်ဆွဲနိုင်မှုအရ နောက်ထပ်လူစီးတွဲ (၃)တွဲကို ကောင်းစွာချိတ်ဆွဲနိုင်သဖြင့် စုစုပေါင်းထိုင်ခုံ(၁၈၆)ခုံပါရှိမည့် ရိုးရိုးတန်းလူစီးတွဲ(၃)တွဲကို ထပ်မံချိတ်ဆွဲပေးမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုကို မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၏ **ရေတံခွန်ချောင်းမကြီးအား ရေလွှဲဆည်ပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်မျက်နှင့်ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ရေတံခွန်ချောင်းသည် မိုးကုတ်မြို့နယ်မှအခြေပြု၍ ကနယ်ရေများအဖြစ် စီးဆင်းကာ မိုးများသောကာလတွင် လယ်ယာမြေများပျက်စီးခဲ့သည်ကို သိရှိရပါကြောင်း၊ ကျောက်မျက်နှင့်ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ပြန်ကြေညာထားသောစည်းကမ်းဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်းဆောင်ရွက်ပါက ကနယ်ရေများဖြစ်ပေါ်လာခြင်း မရှိနိုင်ပါကြောင်း၊ လက်ရှိတံခွန်တိုင်ချောင်းကိုပိတ်ဆို့နေသော ကနယ်ရေများ၊ နုန်းအနှစ်များကိုဖယ်ရှားရန် ရွှေသတ္တုတူးဖော်သောလုပ်ငန်းရှင်များကိုသာ ဆောင်ရွက်စေသင့်ပါကြောင်း။

**ရေတံခွန်ချောင်းမကြီးပေါ်တွင် ရေလွှဲဆည်တည်ဆောက်မည်ဆိုပါက မြေလွတ်မြေရိုင်း ဧရိယာဧက(၄၀၀)ခန့်သာ လယ်ယာမြေပေါ်ထွက်လာမည်ဟု စိစစ်တွေ့ရှိရပါကြောင်း၊ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်ပြီးမှသာ စိုက်ပျိုးရေအတွက်လိုအပ်သော ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းအတွက် စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်းနှင့် ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းမှုရှိမှသာ နိုင်ငံတော်သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးနန်းဦး၏ **မြစ်မခချောင်းရေကာတာအတွင်း ရေတံခါး၊ ရေနုတ်မြောင်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မိုးညှင်းမြို့နယ်တွင် နှစ်စဉ်ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေရန်နှင့် စိုက်ပျိုးမြေဧရိယာများ တိုးချဲ့ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် မြစ်မခလွှင်ပြင်ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြစ်မခမြစ်အနောက်ဘက်ကမ်းတာမှာ မြစ်သာကျေးရွာမှ မိုးညှင်းမြို့အထိအလျား(၂၄ ဒသမ ၂၁)မိုင်ရှိပြီး အဆိုပါကမ်းပတ်တာကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင်ပြီးစီးခဲ့ပါကြောင်း၊ မြစ်မခမြစ်အနောက်ဘက် ကမ်းပတ်တာကို တည်ဆောက်ပေးခဲ့ခြင်းကြောင့် မိုးညှင်းမြို့နယ်တွင် ရေလွှမ်းမိုးမှုကို အထိုက်အလျောက် ကာကွယ်ပေးပြီးဖြစ်ပါကြောင်း။

**အဆိုပါ မြစ်မခအနောက်ဘက်ကမ်းပတ်တာအတွင်း ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ကမ်းပတ်တာ၏ ပေတိုင်(၂၃/၄)မိုင်တွင် မြစ်မခအနောက်ဘက်ကမ်းတာ ရေထိန်းတံခါးတည်ဆောက်ပေးရန်အတွက် မြေပြင်တိုင်းတာခြင်း၊ ရေစီးရေလာတိုင်းတာခြင်းနှင့် ဒီဇိုင်းပုံထုတ်ခြင်းများကို ယခုအခါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ရေတံခါးတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ဦးစားပေးလုပ်ငန်း အစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်ပြီး လုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေအရ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ **အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာကောင်းများကို တတ်ကျွမ်းသောသူများ မွေးထုတ်နိုင်ရန်အလို့ငှာ အောက်မြန်မာပြည်၌ ဖွင့်လှစ်ခဲ့သော သထုံစိုက်ပျိုးရေးသိပ္ပံအား စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး၊ စိုက်ပျိုးရေးနည်းပညာများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လက်တွေ့အသုံးချဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးသိပ္ပံ(၇)ကျောင်းကို မြောင်းမြမြို့၊ သာယာဝတီမြို့၊ ပျဉ်းမနားမြို့၊ ပုသိမ်ကြီးမြို့၊ ပွင့်ဖြူမြို့၊ ရွှေဘိုမြို့နှင့်သထုံမြို့များ၌ ဖွင့်လှစ်ထားပြီး စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ရ(၉၇၇၆)ဦးအား မွေးထုတ်ပေးပြီးဖြစ်ပါကြောင်း။

**စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံတို့၏ သဘောသဘာဝမှာ အနည်းငယ်ကွာခြားမှုရှိပါကြောင်း၊ တက္ကသိုလ်အနေဖြင့် သင်ကြားရေးပိုင်းကို အဓိကအလေးထားသင်ကြားပြီး စိုက်ပျိုးရေးသိပ္ပံများ၌မူ စိုက်ပျိုးရေးပညာရပ်များကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လက်တွေ့အသုံးချဆောင်ရွက်နိုင်အောင် သင်ကြားပေးပါကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်တစ်ခု အသစ်ထပ်မံဖွင့်လှစ်ရေးသည် နိုင်ငံတော်၏ ဘဏ္ဍာရေးဦးစားပေးမှု၊ သင်ကြားရေးပိုင်း၊ စီမံခန့်ခွဲနိုင်မှုနှင့် မြေနေရာအဆောက်အအုံ၊ လုံလောက်သော ကျောင်းသားဦးရေတို့နှင့် ပြည့်စုံမှသာ ရင်းနှီးမြှုပ်နှံရကျိုးနပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိဖွင့်လှစ်ထားသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများအနေဖြင့် စိုက်ပျိုးရေးပညာရှင်များ လုံလောက်စွာ လေ့ကျင့်မွေးထုတ်နိုင်သော အခြေအနေရှိသည့်အတွက် လောလောဆယ်တွင် စိုက်ပျိုးရေးတက္ကသိုလ် တစ်ခု အသစ်ထပ်မံဖွင့်လှစ်ရေးအတွက် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ဖြစ်ပေါ်လာမည့်အခြေအနေများအရ ဖွင့်လှစ်ရန်လိုအပ်သည့်အခါတွင် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။



**ရထား ပို့ဆောင် ရေး ဝန်ကြီး ဌာန ပြည် ထောင် စု ဝန် ကြီး ဦးအောင်မင်း မေး မြန်း ချက်များကို ပြန် လည် ဖြေကြား စဉ်။**
(သတင်းစဉ်)

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုမြို့၏ နှစ်စဉ်ရေကြီးနစ်မြုပ်နေမှု အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အုတ်ဖိုမြို့ပေါ်ရပ်ကွက်များ နှစ်စဉ်ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အုတ်ဖိုမြို့နယ် ဂမုန်းချောင်းပေါ်တွင် ဂမုန်းရေလှောင်တမံကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရေပမာဏ(၆၂၀၀၀)ဧကပေကို ထိန်းသိမ်းသိုလှောင်ထားနိုင်ပြီဖြစ်ရာ အုတ်ဖိုမြို့ပေါ် အနိမ့်ပိုင်း(၆)ရပ်ကွက်နှင့် မြို့အဝင်လမ်းကျော်မှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ပြီဖြစ်ပါကြောင်း။

ဂမုန်းချောင်းနှင့် ကတက်ချောင်းမှရေပိုများသည် အုတ်ဖိုမြို့အရှေ့ဘက်ရှိ လင်းနို့ရိုးရေလွှဲမြောင်းအတွင်းမှ မြို့၏တောင်ဘက်ရှိ မြောင်ချောင်းအတွင်းသို့ ဖြတ်သန်းပြီး မြို့၏အနောက်ဘက်ရှိ မြစ်မခမြစ်အတွင်းသို့ စီးဆင်းစေခြင်းဖြင့် မြို့သို့ရေလျှံခြင်းမှကာကွယ်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုများပြားပြီး တောင်ကျချောင်းရေများပြားသည့်အပြင် လင်းနို့ရိုးရေလွှဲမြောင်းမှာလည်း ကျဉ်းပြီး ကောလာသည့်အတွက် ဂမုန်းချောင်း၊ ကတက်ချောင်းများမှ မြို့သို့တိုက်ရိုက်ဖြတ်သန်းစီးဝင်ရေလျှံခြင်း ဖြစ်ပါကြောင်း၊ ဂမုန်းချောင်းရေကြီးရေလျှံမှုကိုကာကွယ်ရန် အုတ်ဖိုမြို့ မြို့ပတ်တာ တည်ဆောက်ထားသဖြင့် ရေကြီးမှုကိုအထိုက်အလျောက်ကာကွယ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ ကတက်ချောင်းသည် အုတ်ဖိုမြို့အနီး ဖြတ်သန်းပြီး ဂမုန်းချောင်းအတွင်းသို့စီးဝင်ခြင်း၊ ၎င်းချောင်းသည် ရေနုတ်အားကောင်းခြင်းတို့ကြောင့် ရေကြီးမှုကို ဖြစ်ပေါ်စေနိုင်ခြင်းမရှိပါကြောင်း၊ ရေစီးရေလာကောင်းမွန်စေရန် လင်းနို့ရိုး(၃)မိုင်ခန့်နှင့် သဖန်းပင်ဆိပ်ချောင်း (၅)မိုင်ခန့်ကို ပြန်လည်တူးဖော်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

**အုတ်ဖိုမြို့တွင်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို စည်ပင်သာယာရေး ဦးစီးဌာနနှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လင်းနို့ရိုးနှင့် သဖန်းပင်ဆိပ်ချောင်းတို့အား ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် စူးစမ်းလေ့လာခြင်းနှင့် မြေပြင်တိုင်းတာခြင်းလုပ်ငန်းများပြီးမှသာလျှင် ဒီဇိုင်းပုံစံများထုတ်ကာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှု အပေါ်တွင်မူတည်ပြီး ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမပိစေသော သင့်တင့်မျှတသည့်မြေယာခွန်တိုးမြှင့်ကောက်ခံရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိစည်းကြပ်ကောက်ခံနေသော မြေခွန်နှုန်းထားများမှာ ကိုလိုနီခေတ်ကနှုန်းထားများဖြစ်ပြီး ယင်းနှုန်းထားများမှာ စပါးတင်း(၁၀၀)ကို မြန်မာငွေကျပ်(၁၀၀)နှုန်း၊ ရွှေတစ်ကျပ်သားကို(၃၅)ကျပ်ခန့်ဖြင့် ဝယ်ယူနိုင်သည့်ခေတ်ကာလကပေးဆောင်ခဲ့ရသည့် မြေခွန်နှုန်းထားများအတိုင်း ဖြစ်နေပါကြောင်း၊ မြေခွန်နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် ကြေးတိုင်စိုက်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရပါကြောင်း၊ ကြေးတိုင်စိုက်ခြင်းလုပ်ငန်းကို သာမန်အားဖြင့် အနှစ်(၂၀)လျှင်တစ်ကြိမ် ပြန်လည်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ၁၉၃၈ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ မြောင်းမြခရိုင်၌ နောက်ဆုံးကြေးတိုင်စိုက်ခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ယခင်မြေခွန်နှုန်းထားများဖြင့် ဆက်လက်စည်းကြပ်ကောက်ခံလျက်ရှိနေသည်ကို တွေ့ရှိကြရပါကြောင်း။

မြေခွန်နှုန်းသတ်မှတ်ရာတွင် သီးနှံအထွက်၊ ဈေးနှုန်း၊ ပထဝီအနေအထား၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် တူညီသည့်ဒေသများကိုအခြေပြု၍ မြေခွန်စည်းကြပ်ခြင်း ရပ်ကွက် ခွဲခြားသတ်မှတ်ရသည့်အပြင် စိုက်ပျိုးသည့်သီးနှံအပေါ်မူတည်၍ မြေမျိုးကြီး ခွဲခြားခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါကြောင်း၊ ယခင်ခေတ်ကာလက သတ်မှတ်ခဲ့သည့် မြေခွန်နှုန်းထားများမှာ မြေမျိုးအလိုက် အသေးစိတ်သတ်မှတ်ခဲ့ပြီး ယခုလက်ရှိ ကာလအထိ အစဉ်အဆက်အသုံးပြုလျက်ရှိရာ ယနေ့ခေတ်ကာလပြောင်းလဲတိုးတက်နေသော အခြေအနေနှင့် လိုက်လျောညီထွေမှုလုံးဝမရှိတော့သည်ကို တွေ့ရှိကြရသည့်အတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီစွာ နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေများ ရရှိနိုင်ရေး ပြောင်းလဲသတ်မှတ် ပြင်ဆင်ဆောင်ရွက်နိုင်ရန် အမှန်လိုအပ်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထွက်တိုးမျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များအသုံးပြုရေး၊ ဆည်ရေကို အကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ သိပ္ပံနည်းကျစိုက်နည်းစနစ်အသုံးပြုရေးနှင့် စိုက်ပျိုးရေး သုတေသန လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြေခွန်နှုန်းကို တစ်ဧကစပါး(၁)တင်း၏ဈေးနှုန်းဖြင့် တန်ဖိုးချိန်ဆသတ်မှတ်သင့်သော်လည်း စပါးတစ်ဧကတင်း(၁၀၀) အောက်ထွက်ရှိနေသည့် တောင်သူလယ်သမားများအတွက်ကိုမူ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ချိန်ဆသုံးသပ်တိုးမြှင့်သတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိတည်ဆဲမြေခွန်နှုန်းထားများဖြင့် စည်းကြပ်ကောက်ခံရာ၌ ၂၀၁၀-၂၀၁၁ခုနှစ်အတွက် ပြည်ထောင်စုတစ်ဝန်းလုံး မြေခွန်စည်းကြပ်ဧရိယာ ဧက (၂၆ ဒသမ ၉၆) သန်းတွင် စည်းကြပ်ကောက်ခံငွေကျပ်(၁၂၉ ဒသမ ၇၉)သန်းသာရရှိခဲ့ပါကြောင်း၊ ယခု စည်းကြပ်ကောက်ခံနေသည့် လက်ရှိတည်ဆဲမြေခွန်နှုန်းထားများကို တိုးတက်ပြောင်းလဲလာသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁



## တက်ရောက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ တတိယနေ့သို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

# ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ တက်ရောက်ကြသည်။

တတိယနေ့ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါ်ရီရီသန်းက The Budget Process and Government Accounting ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား) ဒေါ်ခင်သွယ်သွယ်မြင့်က Government Budgeting (Capital) ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

### ပြန်လည်ရှင်းလင်း

ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပညာရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တတိယနေ့ ရှင်းလင်းဆွေးနွေးပွဲကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

○ စာမျက်နှာ ၅ မှ

**ဆက်သွယ်သော မဏိပူရမြစ်ကူးကြိုးတံတားနှင့် လုံးလွေချောင်းကူး ကြိုးတံတားနှစ်စင်းအား အဆင့်မြင့်ကြိုးတံတားအဖြစ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးမြန်းရာ ဖလမ်းမြို့နယ်အပါအဝင် ချင်းပြည်နယ်အတွင်း လမ်း-တံတားလုပ်ငန်းများအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် (၂၅၉၈ ဒသမ ၁၇၉)သန်းသုံးစွဲ၍ မြေသားလမ်း (၈၇၁)မိုင်(၆)ဖာလုံ၊ ကျောက်ခင်းလမ်း(၃၅)မိုင် (၇)ဖာလုံ၊ ကတ္တရာလမ်း(၁၉)မိုင် (၄)ဖာလုံ၊ တံတားကြီး(၃)စင်း၊ တံတားငယ်(၁)စင်းနှင့် ကြိုးတံတား(၉)စင်းတို့အား ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ဝေးလံခေါင်းပါးမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေးစီမံကိန်း Community Development for Remote Townships (CDRT)ကလည်း ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဖလမ်းမြို့နယ်အတွင်း ကျေးရွာ(၃၆)ရွာတွင် ကြိုးတံတား(၂၆)စင်း၊ သစ်သားတံတား (၁၀)စင်း၊ စုစုပေါင်း (၃၆)စင်းအား စုစုပေါင်းငွေကျပ် (၂၇ ဒသမ ၈၆၄)သန်း သုံးစွဲ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ဖလမ်းမြို့နယ် ဗဇန်းကျေးရွာနှင့် ခေါဒါရ်ကျေးရွာသို့ဆက်သော မဏိပူရမြစ်ကူးကြိုးတံတားသည် အရှည်ပေ(၃၂၀)၊ အကျယ်(၅)ပေရှိပြီး ခေါဒါရ်ကျေးရွာနှင့် ခွာဗွေကျေးရွာဆက်သွယ်သည့် လုံးလွေးချောင်းကူးကြိုးတံတားသည် အရှည်ပေ (၁၃၀)၊ အကျယ် (၄)ပေရှိကာ ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့သော ကြိုးတံတားများဖြစ်ပါကြောင်း၊ အဆိုပါ ကြိုးတံတား(၂)စင်းအား အဆင့်မြင့်ကြိုးတံတားအဖြစ် ပြင်ဆင်ပေးရန်နှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပေါင်းစပ် ကွင်းဆင်းလေ့လာမှုများပြုလုပ်၍ တွေ့ရှိချက်နှင့် ဖြစ်နိုင်ခြေများအပေါ် စိစစ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုဝင်ဆုံမှုနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းခဲ့သည့် **“အများပြည်သူသုံး ရေပေးဝေရေးလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ် သို့မဟုတ် ဖက်စပ်စနစ်တစ်ခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန်အတွက် လိုအပ်သော စည်းမျဉ်းဥပဒေတစ်ရပ် ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန်က မြိတ်မြို့တွင် ပုဂ္ဂလိကရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း ပုဂ္ဂလိကထက်လျှော့နည်းသော ဈေးနှုန်းဖြင့် ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ဤသို့ နိုင်ငံတော်နှင့်ပုဂ္ဂလိကအပိုင်းက မျှတအောင် ဆောင်ရွက်နေ၍ မြိတ်မြို့တွင် သောက်သုံးရေ အဆင်ပြေနေပါကြောင်းနှင့် အဆိုမှာလျော်ကန်သင့်မြတ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အစိုးရများက ရေပေးဝေရေးနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေတိုးပွားလာခြင်းနှင့် အခြားအကြောင်းများကြောင့် သောက်သုံးရေကို အချိန်မီ လုံလောက်စွာ မရရှိကြောင်းကို သိရှိရပါကြောင်း၊ နိုင်ငံတွင် ရေအရင်းအမြစ်ကြွယ်ဝ၍ ရေအတွက် အခက်အခဲမဖြစ်သင့်ပါကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကို ထောက်ထား၍ ရေဘုံပိုင်ဖွင့်ရုံဖြင့် ရေလာနိုင်အောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက မြို့ရွာများရေပေးရေးနှင့်စပ်လျဉ်း၍ စည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေများ၌ ပုဒ်မ ၉၊ အပိုဒ်ခွဲ(ခ)တွင် စည်ပင်သာယာရေးအဖွဲ့၏ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းဟူ၍ လည်းကောင်း။

ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)တွင် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျန်းမာရေးနှင့် မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်ဆိုင်သော ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေရန် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားနိုင်ခြင်းဟူ၍ လည်းကောင်း။

ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ခ)တွင် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်းမပြုရဟူ၍ လည်းကောင်း။

ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ဂ)တွင် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။

ယင်းပြဋ္ဌာန်းချက်များအရ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်သည့် မြို့နယ်များအနေဖြင့် ရေပေးရေးလုပ်ငန်းများ ကြီးကြပ်ခြင်းဆိုင်ရာ စည်းကမ်းများ (Bye-Laws) ကို စည်ပင်သာယာရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့်ထုတ်ပြန်ကာ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ပုဒ်မ ၂၁ (ခ)၊ ပုဒ်မ ၆၀ (ဂ)တို့အရ ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီး ခွင့်ပြုချက်ပါ သတ်မှတ်ချက်များ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်လျှင် မြို့ရွာများတွင် အများပြည်သူ ရေသုံးစွဲမှု အဆင်ပြေစေရန်အလို့ငှာ ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ်ဖြင့် စီးပွားဖြစ်ရေပေးရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခွင့်ကို ခွင့်ပြုထားရှိပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ်ဖြင့် ရပ်ကွက်အလိုက် သို့မဟုတ် အပိုင်းအလိုက် ရေပေးရေးစနစ်တစ်ခုလုံးကို ဆောင်ရွက်နေကြသည့် မြို့ (၁၁)မြို့ရှိပါကြောင်း၊ ယင်းမြို့ရွာများမှာ ဖားကန့်၊ စစ်ကိုင်း၊ ထားဝယ်၊ မြိတ်၊ မူဆယ်၊ ကွမ်းလုံ၊ ဟိုပန်၊ ကြူကုတ်၊ နမ့်ခမ်း၊ မုံးကိုးနှင့် ချင်းရွှေဟော်တို့ဖြစ်ပါကြောင်း။

ယင်းသို့သော ပုဂ္ဂလိက စီးပွားဖြစ် ရေပေးရေးလုပ်ငန်းများအပေါ်တွင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေ၊ ဖြန့်ဝေသည့် ရေအရည်အသွေး၊ ဖြန့်ဝေသည့်နည်းစနစ်တို့အပေါ် စစ်ဆေးကြီးကြပ်ခြင်း၊ သတ်မှတ်ထားသည့် ရေဖိုးရေခများအတိုင်း ကောက်ခံစေခြင်းတို့ကို ရေပေးရေးဆိုင်ရာ စည်းကမ်းများ (Bye-Laws) နှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ကျေးလက်ဒေသများတွင်မူ စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသရေရရှိရေးအတွက် တူးဖော်ဆောင်ရွက်ပေးထားသည့် စက်ရေတွင်းများ၊ အများသုံးရေကန်များနှင့် ရေပေးရေးအထောက်အကူပြု ရေစက်ရုံ၊ ရေစက်၊ တိုင်ကင်စသည်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာသူ/ရွာသားများ ပါဝင်သော ရေကော်မတီများဖွဲ့စည်းကာ ကျေးရွာပိုင်အဖြစ်အပ်နှံ၍ ပြုပြင်ထိန်းသိမ်းစရိတ်ရရှိရန် ရေဖိုးကောက်ခံဆောင်ရွက်လျက်ရှိခြင်းကြောင့် အများပိုင် ကျေးရွာရေပေးရေးစနစ်ကို ကျင့်သုံးလျက်ရှိကြပါကြောင်း၊ အချို့ကျေးလက်များတွင်မူ ပုဂ္ဂလိကပိုင် စက်ရေတွင်းများမှ အခစားစနစ်ဖြင့် ရေပေးရေး လုပ်ငန်းကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြပါကြောင်း။**

**လက်ရှိ မြို့ရေပေးရေးလုပ်ငန်းများတွင် ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ်ဖြင့် စည်ပင်သာယာရေးအဖွဲ့များမှ ကြီးကြပ်၍ ရေပေးရေးစနစ်တစ်ခုလုံးအား မြို့အလိုက်ဖြစ်စေ၊ ရပ်ကွက်အလိုက်ဖြစ်စေ ဆောင်ရွက်နိုင်ရန် တည်ဆဲစည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့် ရေပေးရေးဆိုင်ရာ စည်းကမ်းများ (Bye-Laws)တွင် ပြဋ္ဌာန်းဖော်ပြပါရှိပြီးဖြစ်သည့်အပြင် လက်ရှိတွင်လည်း အချို့သော မြို့/ရွာများတွင် ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည့်အတွက် သီးခြားစည်းမျဉ်း ဥပဒေထုတ်ပြန်ရန် မလိုအပ်တော့ပါသဖြင့် အဆိုကို တင်သွင်းရန် သင့်/မသင့် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း**ဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်အရ မူလကပင် ခွင့်ပြုထားပြီးဖြစ်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ထင်ရှားသဖြင့် အဆိုကို လိုအပ်ခြင်းမရှိသည့်အဆိုအဖြစ် လွှတ်တော်က ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **“ လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေး တာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများခန့်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”**အဆိုကိုတင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က **“ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအား အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ ခံစားခွင့်များအတိုင်း တစ်ပြေးညီရရှိစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးများ ခံစားခွင့်အတိုင်း တစ်ပြေးညီရရှိသင့်သည်ဟု လွှတ်တော်က သဘောတူပြီး တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးများ ခံစားခွင့်အတိုင်း တစ်ပြေးညီပေးရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒေါက်တာ အေးမောင်က ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် လွှတ်တော်ကဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး (၃၈) ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၁ ရက် သောကြာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၅) ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၁)ခုကို မလိုအပ်သည့်အဆိုအဖြစ် ဆုံးဖြတ်ခြင်း၊ အဆိုသစ်(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

အထက(၂)ကြည့်မြင်တိုင် (ဟုမ်းလမ်း/ထီးတန်း)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်ဆုရသူများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားအောင်ပွဲနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲကျင်းပရေးအတွက် ပစ္စည်းနှင့်အလှူငွေများ လှူဒါန်းလိုပါက ဦးဘနှင်း ဖုန်း-၂၂၅၃၄၂၊ ၂၁၅၃၁၃၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း) ဖုန်း-၂၂၅၈၇၄၊ ဦးခင်မောင်ထွေး ဖုန်း-၅၂၂၃၅၆၊ ဦးတင်မင်း ဖုန်း-၀၉-၅၁၇၁၁၀၃၊ ဦးမြသန်း ဖုန်း-၀၉-၇၃၁၃၀၁၉၆၊ ဦးသက်တင် ဖုန်း-၅၃၅၆၁၈၊ ဒေါက်တာကျော်ဇော ဖုန်း-၀၉-၄၉၂၉၃၄၆၂နှင့် ကိုထွန်းနိုင်ဝင်း ဖုန်း-၀၉-၅၄၀၈၄၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အုတ်ဖို အထက မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အုတ်ဖိုအထက (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ မြို့နယ်လုံးဆိုင်ရာ (မူလယ်ထက်) ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၆ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် အုတ်ဖိုအထက ဇရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ လိုက်ပါလိုသူများ၊ ငွေကြေးပစ္စည်းလှူဒါန်းလိုသူများနှင့် ကန်တော့ခံလိုက်ပါမည့် ဆရာကြီး၊ ဆရာမကြီးများသည် ကားများထွက်မည့် ရန်ကုန်မြို့ အသင်းရုံးအမှတ် ၅၅ L၊ ရန်ကုန် အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်သို့ နိုဝင်ဘာ ၅ ရက် (စနေနေ့) နံနက် ၆ နာရီခွဲ အရောက်လာရန်နှင့် ဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း-၆၆၃၅၀၇၊ ဦးတင်မောင်ညွှန့် ဖုန်း-၀၉၈၆၁၈၃၀၅၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၀၆၄၊ ဒေါ်မြမြ ဖုန်း-၆၄၇၇၄၀၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၈၄၀၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ အစည်းအဝေး အချိန်ပြောင်းလဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း နဝမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီအစား မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ Panda Hotel ပုလဲခန်းမ၌ အချိန်ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။

(သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဆက်လက်ကျင်းပသည်။**

အဆိုပါ ပြိုင်ပွဲအသီးသီးသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး



**ဝါသနာရှင်အဆင့်(ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးတက်လူ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

ဦးအုန်းမြင့်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသည့် ပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။



**အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် (အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မကေသီခိုင် ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

## အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ခေတ်အကြိုက်တေးသီချင်း အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် စန္ဒရားဦးတင်ဦးသောင်းနှင့် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲတွင် “လာချင်ရင် အနီးကလေး”(ရေဒီယို/စတီရီယိုတေး) သီချင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မနှင်းနှင်းအောင်၊ မွန်ပြည်နယ်မှ မနွေးနွေးဦး၊ မန္တလေးတိုင်းဒေသကြီးမှ မဇွန်မာအောင်၊ မကွေးတိုင်းဒေသကြီးမှ မနန့်နှင်းယုလှိုင်၊ တနင်္သာရီတိုင်းဒေသကြီးမှ မမေချိုခက်၊ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဝတ်ရည်လင်းနှင့် မစုပြည့်ဖြိုးမွန်၊ ရခိုင်ပြည်နယ်မှ မငြိမ်းစန္ဒာ၊ ကချင်ပြည်နယ်မှ မမွန်းရာ၊ ကရင်ပြည်နယ်မှ မစန်းစန်းဝေ၊ ကယားပြည်နယ်မှ မမော်စိုးမြာ၊ မန္တလေးတိုင်းဒေသကြီးမှ မနန်းအိမွန်၊ ဧရာဝတီတိုင်းဒေသကြီးမှ မခင်ချောချောခိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ



**အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်(အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မစုယဉ်ထွန်း ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

မဟေမာန်စိုးမိုးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား)ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲတွင် “မဟာ” (အကျိုးပြုတေး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မောင်စည်သူ၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရသ(ခ) ရဲမင်းသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်သန်းမြတ်စိုး၊ ချင်းပြည်နယ်မှ ဦးထန်ဟုန်း၊ မွန်ပြည်နယ်မှ ဦးခင်မောင်ဇော်၊ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချိုထက်မောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးရဲကိုကိုဇင်၊ ကယားပြည်နယ်မှ ဦးတက်တိုးအောင်၊ မကွေးတိုင်းဒေသကြီးမှ ဦးမျိုးမြင့်ကို၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ကိုကိုမင်း၊ ကချင်ပြည်နယ်မှ ဦးဝင်းသူ၊ ရှမ်းပြည်နယ်မှ မောင်ဘိုဘိုကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်သန့်ဇော်လတ်၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဟန်စိုးနှင့် ရခိုင်ပြည်နယ်မှ ဦးနီမျိုးထက်(ခ) ဇာနည်ဝင့်အောင်တို့က မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တက်ကြွစေရန် အားမာန်အပြည့်ဖြင့် သီဆိုယှဉ်ပြိုင်ကြသည်။

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်(အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြကကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် “ဇေယျာအောင်သံကျူးတရင့်ရင့်” (ပတ်ပျိုး)ဖြင့် မွန်ပြည်နယ်မှ မမေသဇင်၊ ကရင်ပြည်နယ်မှ မဝင်းလဲ့လဲ့အောင်၊ ကချင်ပြည်နယ်မှ မခေါင်ညွယ်၊ ရခိုင်ပြည်နယ်မှ မတင်သန္တာအေး၊ ရန်ကုန်တိုင်းဒေသကြီးမှ မစုယဉ်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မလွင်သူချို၊ မန္တလေးတိုင်းဒေသကြီးမှ မနွေးနွေးနှင့် ချင်းပြည်နယ်မှ မမေသူသူထွန်းတို့ကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် “တောင်ယံတောကြီး” (မွန်) သီချင်းဖြင့် ပဲခူးတိုင်းဒေသကြီးမှ ဦးဝင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စိုးသန်းထွန်း၊ ချင်းပြည်နယ်မှ ဦးချမ်းမြွေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပေါ်ကာ၊ မွန်ပြည်နယ်မှ ဦးကျော်သိန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပြေငြေး၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်သီဟကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျှန်ကပ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဝင်းကို၊ မကွေးတိုင်းဒေသကြီးမှ ဦးထိန်လင်းနှင့် ကချင်ပြည်နယ်မှ ဦးလှအောင်တို့ကလည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြက ကြီးကြပ်၍ ခေတ်ဟောင်း/ကာလပေါ် အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် “မိဘမေတ္တာ” သီချင်းဖြင့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာ၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်သပြေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မကြူကြူခိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ဆွေဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခင်လှနွယ်၊ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်သန်းသန်းငြိမ်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဆွေဆွေမြင့်တို့ကလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် “စစ်ကိုင်းတောင်” သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ဇော်မင်း၊ ကရင်ပြည်နယ်မှ စောရဲမင်းစိန်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်တင်ကိုဝင်း၊ မကွေးတိုင်းဒေသကြီးမှ မောင်ဌေးလင်းသန်း၊ မွန်ပြည်နယ်မှ မောင်ချစ်မင်းဇော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝဏ္ဏထွန်းနှင့် မောင်ဝေဖြိုးသော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်လှမျိုးဇော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ရဲဇော်ထွန်းနှင့် ကချင်ပြည်နယ်မှ မောင်မင်းခန့်အောင်တို့ကလည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

## အကပြိုင်ပွဲ

အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင် ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး အခြေခံပညာအဆင့် အသက်(၅)နှစ်မှ အသက်(၁၀)နှစ် (အမျိုးသား)အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်အောင်မျိုးမင်းသူ၊ ရှမ်းပြည်နယ်မှ မောင်ရဲရင့်ရှိန်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းမြတ်၊ ရှမ်းပြည်နယ်မှ မောင်စည်သူလင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သွင်ဖုန်းခန့်ဇော်၊ ကရင်ပြည်နယ်မှ စောကျော်လွင်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းစစ်မင်း၊ မကွေးတိုင်းဒေသကြီးမှ မောင်ရှိုင်းဝေယံဖြိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝင်းမိုးကျော်၊ ကရင်ပြည်နယ်မှ စောကျော်လွင်ထူး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်သန့်ဇင်၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ကောင်းဇော်၊ ကချင်ပြည်နယ်မှ မောင်ဖြိုးသုတနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်လင်းလဲ့ထူးတို့က



**အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲတွင် ကရင်ပြည်နယ် မှ မစန်းစန်းဝေ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

လည်းကောင်း။

အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မနန်းဝင်းသူဇာနွယ်၊ ရှမ်းပြည်နယ်မှ မငုဝါဝါ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မနန်းမေသင်းသင်းဟန်၊ ကချင်ပြည်နယ်မှ မနှင်းဝတ်ရည်၊ မွန်ပြည်နယ်မှ မမို့မို့သူဇာ၊ ကချင်ပြည်နယ်မှ မသဲအေးအေးနွယ်၊ ချင်းပြည်နယ်မှ မစိမ်းလဲ့ခင်၊ မန္တလေးတိုင်းဒေသကြီးမှ မမေပွင့်စိုး၊ ဧရာဝတီတိုင်းဒေသကြီးမှ မပန်းဝတ်ရည်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မဇင်ယော်မေ၊ မန္တလေးတိုင်းဒေသကြီးမှ မမြဇွန်ဖြူ၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်သန္တာထွန်း၊ ကရင်ပြည်နယ်မှ မကြူကြူဝင်း၊ မကွေးတိုင်းဒေသကြီးမှ မခိုင်သဥ္ဇာ၊ ရှမ်းပြည်နယ်မှ မသိင်္ဂီထွေးနှင့် ရခိုင်ပြည်နယ်မှ မခိုင်ခိုင်စိုးလွင်တို့က ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက်ဖြင့် အချိုးတကျ လှပသေသပ်စွာ ယှဉ်ပြိုင်တင်ဆက်သွားကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင်



**အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)အရေး ပြိုင်ပွဲတွင် ကယား ပြည်နယ်မှ မသုသုစံ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ကွက်စိပ်ပြိုင်ပွဲအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးတင်စိုးနှင့် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး “မင်းကုသဇာတ်တော်” ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရန်အောင်က ဟိန်းရာဇာ ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တက်ခေတ်စည်သူက စိန်မင်းဝေ ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးတက်လူက စိန်မြဟန် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ မွန်ပြည်နယ်မှ ဦးစံရှားက စိန်ခင်ဝင်း ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ မန်းတက္ကသိုလ်ဆန်းဦးက ဦးရှိုင်းဗိုလ်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း အဆို၊ အငို၊ အပြော ပိုင်နိုင်စွာယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပရာ အရေး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲတွင် “အနန္တဂိုဏ်းဝင်ကျေးဇူးရှင်” ခေါင်းစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီးမှ ဦးကိုကိုဝင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ မခင်ချောချောခိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန်းစိုးလွင်၊ မွန်ပြည်နယ်မှ မဇင်မိမိသိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်သက်ပိုင်ကြွယ်၊ ချင်းပြည်နယ်မှ မောင်မြင့်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ငြိမ်းချမ်းအောင်၊ မွန်ပြည်နယ်မှ မမြတ်ပွင့်ယမုံ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝေဖြိုးအောင်နှင့် ကယားပြည်နယ်မှ မသုသုစံတို့ ပြိုင်ပွဲဝင်ကြသည်။

## အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မယ်ဒလင်အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမောင်မှိနှင့် ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား)မယ်ဒလင်အတီးပြိုင်ပွဲတွင် မိုးအဖွဲ့၏ “နှလုံးသားကိုအလှဆင်ပါ”(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အေးချမ်းအောင်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲထက်အောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် “သီလာမြေယံ”(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုပြည့်သူနှင့် မမိုးသိင်္ဂီကျော်၊ ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်သင်းကြည်၊ မန္တလေးတိုင်းဒေသကြီးမှ မမေကဗျာထွန်းနှင့် မရတီအောင်တို့က တီးလုံးတီးကွက် မြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် “ဝေဇယန်နှင့် နှုန်းငြား”(ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်နိုင်စိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးကိုကိုဝင်းတို့ကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)မယ်ဒလင်အတီးပြိုင်ပွဲတွင် ပြည်လှဖေ၏“မေတ္တာဂုဏ်”(ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မလဲ့ရည်ဝင်းက လည်းကောင်း ယှဉ်ပြိုင်တင်ဆက်ကြသည်။

အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် “မှန်ရဝေ” (ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးမောင်နှင့် မောင်မင်းမင်းမြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှမောင်အောင်မင်းသူ၊ ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်လွင်အောင်ထွန်းနှင့် မောင်စိုးသီဟတို့က ငြိမ့်ညောင်းသာယာသော တီးလုံးတီးကွက်များဖြင့် ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် “သောင်းရွှေလယ်” (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းနန္ဒာလွင်၊ မန္တလေးတိုင်းဒေသကြီးမှ မပိုပိုသီရိလွင်နှင့် မခင်ဘိုဘိုဟန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မကေသီခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မသဇင်ထွေးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ၏ ဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၁)၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် (အမျိုးသမီး)ဆိုင်း (အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအိဖြိုးသက်နိုင်ဦးအဖွဲ့ (ရွှေမြန်မာဆိုင်းအဖွဲ့) နှင့် မမျိုးသူခိုင်(ခ) ဝိုင်းကိုကို အဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးချမ်းသူ(ခ) ချမ်းချမ်းအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးထွန်းထွန်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဗိုလ်ဗိုလ်အောင်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအောင်စတင်းအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးမြင့်ခိုင်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မြန်မာပြည်ပြူးကြယ်(ခ) မြင့်ဇော်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဗိုလ်နိုင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုအဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို



**အခြေခံပညာအဆင့် အသက်(၅)နှစ်မှ အသက်(၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဖြိုးသုတ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုံမင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒလ-ဦးမြင့်စိန်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် “စန္ဒကိန္နရီ”(ကာလပေါ်) သီချင်းဖြင့်

ကျင်းပရာ ပတ္တလားအတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမြစတင်း နှင့်ပညာရှင်များက အကဲဖြတ်အမှတ် ပေးကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်း ဒေသကြီးမှ မောင်ပြည့်ဖြိုးမောင်နှင့် မောင်မင်းမင်းမြတ်၊ စစ်ကိုင်းတိုင်း ဒေသကြီးမှမောင်အောင်မင်းသူ၊ ကယား ပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရန်ကုန် တိုင်းဒေသကြီးမှ မောင်သက်လွင် အောင်ထွန်းနှင့် မောင်စိုးသီဟတို့က ငြိမ့်ညောင်းသာယာသော တီးလုံး တီးကွက်များဖြင့် ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅) နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲတွင် "သောင်းရွှေလယ်" (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်း ဒေသကြီးမှ မဝင်းနန္ဒာလွင်၊ မန္တလေး တိုင်းဒေသကြီးမှ မပိုပိုသီရိလွင်နှင့် မခင်ဘိုဘိုဟန်၊ စစ်ကိုင်းတိုင်းဒေသကြီး မှ မကေသီခိုင်နှင့် ရန်ကုန်တိုင်းဒေသ ကြီးမှ မသဇင်ထွေးတို့ ပါဝင်ယှဉ်ပြိုင် ကြသည်။

အတီးပြိုင်ပွဲ၏ ဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေ သနဦးစီးဌာန သင်တန်းခန်းမ(၁)၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင် များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ် မှ(၁၀)နှစ် (အမျိုးသမီး)ဆိုင်း (အဖွဲ့ လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးမှ မအိဖြိုးသက်နိုင်ဦးအဖွဲ့ (ရွှေမြန်မာဆိုင်းအဖွဲ့) နှင့် မမျိုးသူခိုင်(ခ) ဝိုင်းကိုကို အဖွဲ့တို့ တီးခတ်ယှဉ်ပြိုင် ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဆိုင်း(အဖွဲ့လိုက်) အတီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးချမ်းသူ(ခ) ချမ်းချမ်းအဖွဲ့၊ တနင်္သာရီ တိုင်းဒေသကြီးမှ ဦးထွန်းထွန်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဗိုလ် ဗိုလ်အောင်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအောင်စတင်းအဖွဲ့၊ ဧရာဝတီတိုင်း ဒေသကြီးမှ ဦးမြင့်ခိုင်အဖွဲ့၊ မကွေးတိုင်း ဒေသကြီးမှ မြန်မာပြည်ပြူးကြယ်(ခ) မြင့်ဇော်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဗိုလ်နိုင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသ ကြီးမှ မောင်ထက်ကိုကိုအဖွဲ့တို့ တီးခတ် ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို



**အခြေခံပညာအဆင့် အသက်(၅)နှစ်မှ အသက်(၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဖြိုးသုတ ပါဝင်ယှဉ်ပြိုင်စဉ်။**

(သတင်းစဉ်)

နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေ သနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုံမင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်း ဆောင် ဒလ-ဦးမြင့်စိန်နှင့် အကဲဖြတ် ပညာရှင်များက အကဲဖြတ်အမှတ်ပေး ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် "စန္ဒကိန္နရီ"(ကာလပေါ်) သီချင်းဖြင့် ချင်းပြည်နယ်မှ ဦးမြတ်ကို၊ ရန်ကုန် တိုင်းဒေသကြီးမှ ဦးစည်သူထက်အောင် နှင့် ဦးကြည်ဝင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ ဦးကျော်ဆွေ၊ ရခိုင် ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမှ ဦးမြင့်သိန်း၊ ဧရာ ဝတီတိုင်းဒေသကြီးမှ ဦးမြသိန်းတင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးတင်ရှိန်၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ မန္တလေး တိုင်းဒေသကြီးမှ ဦးမြမိုးနှင့် မကွေး တိုင်းဒေသကြီးမှ ဦးဇေယျာစိုးဦးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀) နှစ်မှ (၁၅)နှစ် (အမျိုးသမီး) ဒုံမင်း အတီးပြိုင်ပွဲတွင် "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသ ကြီးမှ မမိမိနိုင်စိုးနှင့် မခင်ပြည့်စုံအောင်၊ ရှမ်းပြည်နယ်မှ မဆုထူးရတနာနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မရွှေဝင့် ထည်ကို တို့ကလည်းကောင်း၊ အခြေခံ ပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် "အောင်မင်္ဂလာ"(ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မအိအိချော၊ ရန်ကုန်တိုင်းဒေသကြီးမှ မစုမြတ်နိုးနှင့် မခင်မြင့်မြတ်မောင်တို့ကလည်းကောင်း တီးခတ်ပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

(သတင်းစဉ်)





## 'လူငယ့်စွမ်းအား' ပြဇာတ်ပြိုင်ပွဲ ကချင်ပြည်နယ်ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

**နေပြည်တော် အောက်တိုဘာ ၂၀**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ "လူငယ့်စွမ်းအား" ပြဇာတ် ပြိုင်ပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်း ရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။

ပြဇာတ်ပြိုင်ပွဲသို့ အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးသာဌေး၊ ပြိုင်ပွဲကျင်းပ ရေး လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အကဲ ဖြတ် အမှတ်ပေး ပညာရှင်များ၊ မြန်မာ့ ဇာတ်သဘင်ကို မြတ်နိုးလေးစား တန်ဖိုးထားကြသော ဧည့်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**(အပေါ်ပုံ)**

ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ် အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးပြေ အေးအောင်(ရွှေမင်းသား)၊ ဇာတ်ညွှန်း နှင့် ဒါရိုက်တာ ပေါက်ကျိုင်း(ပြဇာတ် သမား)၊ ခေါင်းဆောင်မင်းသားအဖြစ် ဖိုးခွား(ခ)သိန်းစိုး၊ ခေါင်းဆောင် မင်းသမီးအဖြစ် စိန်စိန်မြင့်နှင့် ဇာတ်ပို့ ဇာတ်ရံ သရုပ်ဆောင်များက ဂီတမျိုး အောင်ကြည်ဖြိုး အဖွဲ့နှင့် တွဲဖက်၍ ကချင်တို့ဌာနေ မနောမြေကို ထာဝရ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းရင်းသားလူငယ်များက လူငယ့်အားမာန်နှင့် လူငယ့်စွမ်းအား တို့ဖြင့် ကြိုးပမ်းဆောင်ရွက်မှုကို ဇာတ် လမ်းဇာတ်ကွက်များဖြင့် ဖော်ကျူးယှဉ်ပြိုင် တင်ဆက်ကြသည်။

(သတင်းစဉ်)

## နေမိဇာတ် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ စတင်ကျင်းပ

## မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းသိင်္ဂီရုပ်စုံသဘင် ယှဉ်ပြိုင်တင်ဆက်

**နေပြည်တော် အောက်တိုဘာ ၂၀**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နေမိဇာတ်တော် ရုပ်စုံ သဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိ မြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ မန္တလေးတိုင်းဒေသ ကြီးကိုယ်စားပြု မန်းသိင်္ဂီရုပ်စုံ သဘင်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေး မှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဦးခင်မောင် အေး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နှင့် ဆပ်ကော်မတီဝင်များ၊ ဧည့်ပရိသတ် များ ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းသိင်္ဂီရုပ်စုံသဘင်အဖွဲ့တွင် အဖွဲ့ ခေါင်းဆောင်အဖြစ် ဒေါ်မြနန္ဒာ၊ ဇာတ်ညွှန်း နေပြည်တော် ကျော်သန်း နှင့် ရုပ်စုံအနုပညာရှင်များက ဦးစိန် ဝမ်းတူးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ဗုဒ္ဓ အလောင်းတော် နေမိမင်းကြီး၏ ဒါန ပါရမီတော်ကို ကြည်ညိုသဒ္ဓါပွားများ နိုင်ကြစေရန်၊ ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော သူတော်ကောင်းတရား တော်များကို မမေ့မလျော့သော သတိ တရားများဖြင့် လိုက်နာကျင့်သုံးနိုင်ကြ စေရန်၊ ငရဲခန်းနှင့် နတ်ဘုံ နတ်နန်းကို လက်တွေ့ပြသ၍ သတိသံဝေဂတရား ပွားများနိုင်ကြရန် မြန်မာ့အနုသုခုမ ရုပ်စုံသဘင်ပညာရပ်ဖြင့် ယှဉ်ပြိုင် တင်ဆက်သွားသည်။

(သတင်းစဉ်)





**နေမိဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်း ဒေသကြီးကိုယ်စားပြု မန်းသိင်္ဂီ ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှု ကို အနုပညာကို မြတ်နိုးလေးစား တန်ဖိုးထားကြသော ဧည့်ပရိသတ် များ လာရောက်ကြည့်ရှုအားပေး ကြစဉ်။** (သတင်းစဉ်)

## မြန်မာ့ဂီတ မြန်မာ့အလှ

* ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးအား
ကြီးမားထည်ဝါ၊ ခံ့ညားစွာဖြင့်
စဉ်လာမပျက်၊ ကျင်းပလျက်မို့
ထူးလျက်သာလွန်၊ ခရီးသွန်သည်
မွန်မြတ်လှစွာ၊ ပြည်မြန်မာ၏
ရိုးရာဂီတ၊ ဖော်ထုတ်ကြသည့်
မြန်မာ့ဂီတ၊ မြန်မာ့အလှ
ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး။

* တစ်ဆယ့်ရှစ်ကြိမ်၊ ယခုချိန်ထိ
ဂုဏ်ရှိန်မညှိုး၊ မျိုးရိုးစဉ်ဆက်
ကမ်းလက်အမွေ၊ အမိမြေကို
ရေမြင့်ကြာတင့်၊ မျိုးဂုဏ်မြှင့်ဖို့
တိုင်းနှင့် ပြည်နယ်၊ အားမာန်ထည်ကာ
သယ်ပိုးစဉ်ဆက်၊ လက်ချင်းယှက်၍
ငါးချက်ညီလျက်၊ ဦးတည်ချက်အား
ဦးထက်ပန်ဆင်၊ ပြိုင်ပွဲဝင်သည်
ယဉ်ကျေးဂီတ၊ ဖော်ထုတ်ကြသည့်
မြန်မာ့ဂီတ၊ မြန်မာ့အလှ
ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး။ ။

နှင်းမောင်(ဇီးကုန်း)

**မြန်မာ့အခြေခံ ဇာတိမာန် မူဟန်ရှေးရှု ယဉ်ကျေးမှု**

## (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ၊ ၂၁-၁၀-၂၀၁၁ (သောကြာနေ့)

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|
| ၇ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | ရုပ်သေး | ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသား)(အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀ |
| | | ရုပ်စုံသဘင်အဖွဲ့လိုက် | နေမိဇာတ် (စစ်ကိုင်းတိုင်းဒေသကြီး) | ညပိုင်း ၁၉း၀၀ |
| | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အဆို (ခေတ်အကြိုက်)<br>အဆို (ခေတ်အကြိုက်) | အဆင့်မြင့်ပညာ(အမျိုးသား)<br>ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ် | အခြေခံပညာ အသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း) (အမျိုးသမီး)<br>အခြေခံပညာ အသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား)<br>ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ) | အတီး (နှဲ)<br>အတီး (နှဲ)<br>အတီး (နှဲ) | အခြေခံပညာ အသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)<br>အခြေခံပညာ အသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)<br>အခြေခံပညာ အသက် (၁၅ နှစ်ပြည့်မှ ၂၀နှစ်အတွင်း) | နံနက်ပိုင်း ၀၉း၀၀<br>နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၁) | အတီး (စောင်း)<br>အတီး (စောင်း)<br>အတီး (စောင်း) | အခြေခံပညာ အသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း) (အမျိုးသမီး)<br>အခြေခံပညာ အသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား)<br>ဝါသနာရှင် (ပထမတန်း) (အမျိုးသား) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး (စန္ဒရား) | အခြေခံပညာ အသက် (၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ) | အတီး (တယော)<br>အတီး (တယော) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး)<br>အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | ပြဇာတ် | လူငယ့်စွမ်းအားပြဇာတ် (ပဲခူးတိုင်းဒေသကြီး) | ညပိုင်း ၁၉း၀၀ |

## ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၉)ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း ဒေသကြီးရုံးတွင် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ် (၃၉)ကို နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ နေ့စဉ် ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီ ၄၅ မိနစ်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တက်ရောက်လိုသူများသည် အမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲ တန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန သင်တန်းခန်းမတွင် အောက်တိုဘာ ၃၁ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာနာယကဖလား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

**၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲတွင် ထူးချွန်စွာအောင်မြင်မှုရရှိစေရေးအတွက် ရည်မှန်း၍ တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယကဖလား အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း( အေရိုးဗစ်) ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည်။**

ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြိုင်ပွဲ၌ တာဝန်ယူဆောင်ရွက်ပေးသော ဒိုင်လူကြီးများ၊ ကိုးယောက်တွဲ အခြေခံပြိုင်ပွဲတွင် တတိယဆုရရှိသော ဘုတ်ပြင်းမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော ထားဝယ်မြို့နယ်အသင်းနှင့် ပထမဆုရရှိသော မြိတ်မြို့နယ်အသင်း၊ သုံးယောက်တွဲ အဆင့်မြင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော ကော့သောင်းမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော မြိတ်မြို့နယ်အသင်းနှင့် ပထမဆုရရှိသော ထားဝယ်မြို့နယ်အသင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသော ဘုတ်ပြင်းမြို့နယ်အသင်းမှ မသင်းသင်းဦး၊ဒုတိယဆုရရှိသော ထားဝယ်မြို့နယ်အသင်းမှ မငြိမ်းအိအိဖြူနှင့် ပထမဆုရရှိသော မြိတ်မြို့နယ်အသင်းမှ မအိဇူးမေကျော်နှင့် အထူးဆုရရှိသော မြို့နယ်အသင်းခုနစ်သင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများနှင့် တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီးတို့က ဆုများပေးအပ် ချီးမြှင့်ကြသည်။

တံခွန်စိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော ဘုတ်ပြင်းမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော ထားဝယ်မြို့နယ်အသင်းနှင့် ပထမဆုရရှိသော မြိတ်မြို့နယ်အသင်းတို့အား တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကကိုယ်စား အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်အေးအေးမြင့်က ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်၍ လှိုင်းကြီးမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဗဇားမြို့အနီးမှ ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယ-မြန်မာ (ချင်းပြည်နယ်) နယ်စပ်အနီးတွင် လေဖိအားနည်းရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေသည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့၌ လမ်း/တံတားနှင့် အဆောက်အအုံအချို့ ပျက်စီးမှုများဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၂၀

**ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဗဇားမြို့အနီးမှ ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယ-မြန်မာ(ချင်းပြည်နယ်) နယ်စပ်အနီးတွင် လေဖိအားနည်းရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ ယင်းမုန်တိုင်းငယ်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ကမ်းနားလမ်းရှိ မြို့မစည်ပင်ဈေးအဆောက်အအုံမှ အမိုးများပျက်စီးခဲ့ကြောင်း ကနဦးသတင်းများအရ သိရှိရသည်။**

ထို့ပြင် ယင်းမုန်တိုင်း၏ အရှိန်ကြောင့် ယမန်နေ့က လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တို့တွင် လမ်း/တံတားနှင့် အဆောက်အအုံအချို့ ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း။

ဂန့်ဂေါမြို့နယ်အတွင်း မြစ်သာ မြစ်ကူးတံတားမှ ဆင့်၊ လက်ရန်း၊ ရက်မနှင့် ကြမ်းခင်းများ ရေမျောခြင်း၊ ထယ်လော့ရွာအနီး ထယ်လော့ဘက် ကမ်းကပ်ခုံနှစ်ပေခန့် နိမ့်ကျွံသွားခြင်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းရှိ ကျွဲကိုင်းတံတား ရေစီးကြောင်းအောက် ၁၀ ပေခန့် ရွေ့သွားခြင်း၊ မဖေးဘေလီတံတားပေါ်သို့ ခြောက်ပေခန့် ရေလွှမ်းခြင်းနှင့် ကျွန်းဒတ်ကျေးရွာအနီး စပါးအိုးချောင်းရေ ခုနစ်ပေခန့်မြင့်တက်ခြင်းတို့ကြောင့် ယာယီဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း၊ မြစ်သာမြစ်ကိုဖြတ်ကျော်သွယ်တန်းထားသည့် တယ်လီဖုန်းလိုင်း ၅၀ ပါ ကေဘယ်ကြိုးများပြတ်တောက် မျောပါခြင်းကြောင့် တယ်လီဖုန်းအချို့ ဆက်သွယ်မှုပြတ်တောက်လျက်ရှိကြောင်း၊ ဂန့်ဂေါမြို့ မြို့မရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်နှင့် မြောက်ကုန်းရပ်ကွက်တို့တွင် လူနေအိမ်အချို့ ရေလွှမ်းသဖြင့် ရေလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး လူ/တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း။

အလားတူ ထီးလင်းမြို့နယ်အတွင်း ရေမျက်နီသစ်သားတံတား၊ ညောင်ကန်-ဟင်းခွက်ကုန်း လူကူးကြိုးတံတား၊ သံသေချောင်းတံတား၊ ဘေလီကျိုးချောင်းတံတားများ ပျက်စီးခဲ့သဖြင့် ယာဉ်များ ဖြတ်သန်းနိုင်ခြင်းမရှိကြောင်း။

**ရေမျောပါ**

ထို့အတူ ဆောမြို့နယ်အတွင်း ကံချောင်းတံတား၏ ဆောမြို့နယ်ဘက်ခြမ်းနှင့် ကတင်းချောင်းတံတားများ ရေမျောပါခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ညောင်ဦးမြို့နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ရာ စေတီဘုရားငါးဆူနှင့် မြစ်ကြည့်တိုက်အုတ်ကျောင်းတို့၌ နံရံ၊ အမိုး၊ ပစ္စယံ၊ တံတိုင်းများ ကွာကျခြင်းနှင့် ပုဂံမြို့ရိုး၌ သရပါမြို့ရိုးမြောက်ဘက်ခြမ်းနေရာအချို့ ပွဲကျခြင်းတို့ဖြစ်ပွားခဲ့ပြီး ပျက်စီးမှုများကို ညောင်ဦးခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ဘုရားဂေါပကအဖွဲ့တို့က ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ပျက်စီးမှုများ အမြန်ပြုပြင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ရေဘေးသင့်ပြည်သူအချို့၏ စားသောက်နေထိုင်ရေး စသည်တို့ကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်တောင်းမြစ်ရေနှင့် ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၀**

*__စစ်တောင်းမြစ်ရေ__သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။*

*__ချင်းတွင်းမြစ်ရေ__သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၈၀၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။*

(သတင်းစဉ်)



# ရွှေဂျင်၌ မိုးအဆက်မပြတ်ရွာ၊ ရေကြီး၍ ပျက်စီးမှုဖြစ်

**ရွှေဂျင် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဂျင်မြို့တွင် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခန့်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းရာ ရွှေဂျင်မြို့ပေါ်ရှိ ရပ်ကွက်အချို့ရေနစ်မြုပ်ပြီး **(အပေါ်ပုံ)**အမှတ်(၃)ရပ်ကွက်ရှိ ကျောင်းဝင်းအုတ်နံရံပြိုကျသွားခဲ့သည်။

**အမြင့်ဆုံးစံချိန်**

ယင်းသို့ ပြိုကျမှုကြောင့် အုတ်နံရံဘေးတွင် ကပ်ပြီး ဈေးရောင်းနေသော ဒေါ်လှမြင့် (၆၂)နှစ်၊ မထွေးတင် (၃၆)နှစ်နှင့် မကေသီထွေး (၃၈)နှစ်တို့ သုံးဦးမှာ ထိခိုက်ဒဏ်ရာများရရှိသွားသဖြင့် ရွှေဂျင်ပြည်သူ့ဆေးရုံကြီးသို့ အလျင်အမြန် တင်ပို့ကုသလျက်ရှိသည်။ ယခင်ရွာသွန်းခဲ့သော အမြင့်ဆုံးမိုးရေချိန်ထက် ကျော်လွန်ကာ ၄ ဒသမ ၃၇ လက်မအထိ ရွာသွန်းခဲ့သဖြင့် စံချိန်ချိုးခဲ့သည်။ မှတ်တမ်းများအရ ၁၉၈၄ ခုနှစ်က ရွာသွန်းခဲ့သော အမြင့်ဆုံးမိုးရေချိန် မှာ ၄ ဒသမ ၂၉ လက်မရှိကြောင်း သိရသည်။

**ကူညီပံ့ပိုး**

ရေနစ်မြုပ်ရာ ရပ်ကွက်အသီးသီးသို့ ရွှေဂျင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် အဖွဲ့ဝင်များသည် ပြည်သူများနှင့်ပူးပေါင်းကာ အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၅၇၂)

ဥ တု ရာ သီ တော ကို မှီ ၏

# မြန်မာအိုင်စီတီပြပွဲ၌ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြသရောင်းချမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကကြီးမှူးပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် International Myanmar ICT Exhibition ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် နိုင်ငံတကာမှ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ နောက်ဆုံးပေါ်အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာအသုံးချဆော့ဖ်ဝဲ နည်းပညာများကို ကုမ္ပဏီပေါင်း ၅၀ မှ ပြခန်းပေါင်း ၁၀၃ ခန်းဖြင့် ပြသမည်ဖြစ်သည်။

Acer ပြခန်းတွင် ၁၃ မီလီမီတာအထူရှိပြီး အလေးချိန် 1.4 Kg သာရှိသည့် Acer ၏ အပါးလွှာဆုံး Ultrabook Aspire S3, Aspire Series, Travel Mate Series နှင့် All in One PC နှင့် Acer ၏ နည်းပညာသစ်များကို ပြသမည်ဖြစ်သည်။ ထို့ပြင် Notebook, Desktop, Monitor, Projector နှင့် Accessories များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ထို့ပြင် Acer Notebook ဝယ်ယူသူများအတွက် လက်ဆောင်ပစ္စည်း ခြောက်မျိုးရရှိမည်ဖြစ်သည်။ Acer Aspire 4250Z, Aspire 4250ZG, Aspire 4750 တို့ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မိုးရေချိန်စံချိန်သစ်

**နေပြည်တော် အောက်တိုဘာ ၂၀**

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ အောက်တိုဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိသည်-

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန်ကျိုး | စံချိန်ကျိုးသည့် |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | ခဲ့သည့်နှစ် | နှစ်ပေါင်း |
| ၁။ | ရွှေဂျင် | ၁၁၁ | ၄. ၃၇ | ၁၀၀ | ၃. ၉၄ | ၂၄-၁၀-၁၉၉၃ | ၄၈ |
| ၂။ | မုံရွာ | ၁၃၉ | ၅. ၄၇ | ၁၃၅ | ၅. ၃၁ | ၂၄-၁၀-၁၉၆၇ | ၄၇ |
| ၃။ | ညောင်ဦး | ၂၀၃ | ၈. ၀၀ | ၁၄၄ | ၅. ၆၇ | ၉-၁၀-၁၉၈၉ | ၄၇ |
| ၄။ | ဂန့်ဂေါ | ၁၁၈ | ၄. ၆၅ | ၁၀၇ | ၄. ၂၁ | ၃-၁၀-၁၉၈၀ | ၄၇ |

# မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း

မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလ နှစ်ခုရှိပါသည်။ မိုးဦးကာလ (ဧပြီလ-မေလ)နှင့် မိုးနှောင်းကာလ (အောက်တိုဘာလ-နိုဝင်ဘာလ)တို့ ဖြစ်ပါသည်။ ယခု မိုးနှောင်းကာလမတိုင်မီ အောက်ပါတို့ကို လုပ်သားပြည်သူအပေါင်းမှ ကြိုတင်သိရှိပြီး ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်-

**မုန်တိုင်းတိုက်ခတ်ချိန်တွင် ဆောင်ရွက်ရန်အချက်များ**

(က) ရပ်ရွာမှ တာဝန်ရှိသူများ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ပါ၊

(ခ) လျှပ်စစ်မီးလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို ဖြတ်တောက်ပစ်ပါ၊

(ဂ) လွင့်ပျံလာသော အရာဝတ္ထုများနှင့် ထိခိုက်မှုမရှိစေရန်အတွက် ခိုအောင်းရာနေရာ၌သာ နေပါ၊

(ဃ) အဆောက်အအုံ၏ ခိုင်ခံ့သောအပိုင်းတွင်သာ ခိုလှုံပါ၊ ရေဒီယိုမှ သတင်းထုတ်ပြန်ချက်ကို အဆက်မပြတ်နားထောင်ပါ၊

(င) အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ ပလတ်စတစ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ ကားတာယာကျွတ်များကို မိမိတို့နှင့်အတူ ဆောင်ထားပါ၊

(စ) တံခါးနှင့် ပြတင်းပေါက်များကို သေသေချာချာပိတ်ထားပါ၊ မုန်တိုင်းအရှိန်ကြောင့် ပွင့်ထွက်သွားပါက မျက်နှာချင်းဆိုင်ဘက်မှာ လေထွက်ပေါက်တစ်ခု အမြန်ပြုလုပ်ပါ၊

(ဆ) လေလာသည့်ဘက်မှ တံခါးပေါက်များကိုပိတ်ထားပြီး လေကွယ်ရာအရပ်ရှိ တံခါးပေါက်များကို ဖွင့်ထားပါ၊

(ဇ) နေအိမ်စတင်ပြိုကျလာပါက မွေ့ရာများ၊ စောင်များဖြင့် အကာအကွယ်ပေးထားပါ (သို့မဟုတ်) ခိုင်ခံ့သော စားပွဲများအောက်တွင် နေပါ၊

(ဈ) မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း နာရီဝက်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ ဝင်ရောက်လာတတ်သည်ကို သတိပြုပါ၊

(ည) လေမုန်တိုင်းခေတ္တလျော့ပါးချိန်တွင် အိမ်အပြင်သို့ ထွက်ခြင်း၊ ကမ်းခြေသို့သွားခြင်း မပြုပါနှင့်၊

**မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ရန်အချက်များ**

(က) ရေဒီယိုကိုဖွင့်ထားပြီး သတိပေးချက်နှင့် အကြံပြုချက်များကို နားထောင်ပါ၊

(ခ) မုန်တိုင်းအန္တရာယ် စိတ်ချရပြီဆိုသော သတင်းရရှိမှသာ နေအိမ်သို့ ပြန်ပါ၊

(ဂ) ဒဏ်ရာရသူများကို ပြုစုပါ၊ လိုအပ်လျှင် ဆေးခန်း၊ ဆေးရုံပို့ပါ၊

(ဃ) ပြုတ်ကျပြတ်တောက်နေသော ဓာတ်ကြိုးများကို တွေ့ရှိလျှင် မကိုင်မထိမိစေရန် သတိပြုပါ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ၊

(င) ပြိုကျပျက်စီးနိုင်သော အဆောက်အအုံ၊ သစ်ပင်များနှင့် ဝေးဝေးနေပါ၊

(စ) မြွေနှင့် အဆိပ်ရှိသတ္တဝါများကို သတိထားပါ၊

(ဆ) ရေဝပ်သောနေရာများတွင် ကျင်းများ၊ ချိုင့်များရှိလျှင် ရေနစ်တတ်သဖြင့် ကလေးများကို ၎င်းနေရာများတွင် မကစားရန် ထိန်းသိမ်းပါ၊

(ဇ) လမ်းနှင့် ရပ်ရွာသန့်ရှင်းရေးပြုလုပ်ပါ၊ ရေကို ကျိုချက်သောက်ပါ၊

(ဈ) ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီပါ၊

(ည) ကောလာဟလသတင်းများကို နားမထောင်ပါနှင့်၊

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက်ရေးအတွက် သင့်တော်သည့်ငွေကြေးပမာဏ ထုတ်ချေးရန် ကြိုးပမ်းမည် ခရီးသည်များ စိတ်ချမ်းမြေ့အဆင်ပြေရေးအတွက် ကျိုက်ထိုဘုတာရုံကို ဦးစားပေးပြုပြင်ရန် ဆောင်ရွက်နေ

နေပြည်တော် အောက်တိုဘာ ၂၀

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၉)ဦးတို့ တက်ရောက်ကြသည်။**



ယနေ့အစည်းအဝေး၌ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း၍ အတည်ပြုပေးပို့သော **လွှတ်တော်ရုံးဥပဒေကြမ်း**ကို အောက်တိုဘာ ၁၈ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ (ခ)၊ (ဂ)တို့နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ဥပဒေကြမ်းမိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားကြောင်း သိရှိရသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက စက်မှုကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **ဝမ်းတွင်းမြို့နယ်အတွင်းရှိ အသေးစား၊ အလတ်စား ရက်ကန်းလုပ်ငန်းရှင်များ ရှင်သန်နိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးအတွက် ထုတ်လုပ်ရန်ကုန်ကြမ်းချည်ချောများနှင့် ဆိုးဆေးများတင်သွင်းပေးရေး** စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။**
(သတင်းစဉ်)

## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# တရုတ်ခရီးသွားဧည့်သည်များ နယ်စပ်အလည်အပတ်ခရီး (၆)ညအိပ် (၇)ရက် ဝင်ရောက်ခွင့်ပြုထား ကလေး-ဂန့်ဂေါလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံ၍ လမ်း တံတားအဆင့်မြှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၀

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်၏ **"တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်မြို့များသို့လာကြသော တရုတ်ခရီးသွားဧည့်သည်များကို ယခင်အတိုင်း တစ်ညအိပ်ခရီးစဉ်အဖြစ် ပြန်လည်ခွင့်ပြုမှုအစီအစဉ် ရှိ/မရှိ၊ မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်မှတစ်ဆင့် ကွတ်ခိုင်မြို့သို့တိုင်အောင် သွားရောက်လည်ပတ်နိုင်ရေးအတွက် နှစ်ညအိပ်ခရီးစဉ်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် ထိုညအိပ်ခရီးစဉ်တစ်ခုခုကို ခွင့်ပြုပေးနိုင်ပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာ-တရုတ် နယ်စပ်ဒေသများစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ် မတ် ၂၅ ရက်၌ ရန်ကုန်မြို့တွင်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်တွင် နှစ်နိုင်ငံမှ နိုင်ငံသားများ နယ်စပ်ဖြတ်သန်းသွားလာမှုကို နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ပေါက်(၈)ခု ဖြစ်သည့် မူဆယ်နှင့် ရွှေလီ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။**
(သတင်းစဉ်)

